# ကလေးများအတွက် သမ္မာကျမ်း

လက်ဆောင်များ



# နောနှင့်

# မဟာရေလွှမ်းမိုးခြင်း

ရေးသားသူ: Edward Hughes

ပန်းချီဆွဲသူ: Byron Unger; Lazarus

လက်ခံချိတ်ဆက်သူ: M. Maillot; Tammy S.

ဘာသာပြန်သူ: Christian Lingua

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2018 Bible for Children, Inc.
လိုင်စင် - သင်သည်ဤဝတ္ထုကို မရောင်းမခြင်း၊ မိတ္တူနှင့် ပုံနှိပ်မှုပြုလုပ်နိုင်သည်။

နောဧသည် ဘုရားသခင်ကို
ဝတ်ပြုသောသူဖြစ်၏။
အခြားလူတိုင်းသည်
ဘုရားသခင်ကို မုန်း၍ နာခံ
မှုမရှိကြချေ။





တစ်နေ့တွင် ဘုရားသခင်သည်
ထိတ်လန့်ဖွယ်ကောင်းသော
အရာကိုပြောခဲ့၏။ "
ငါသည် ဤဆိုးညစ်သောလောကကို
ငါဖျက်စီးမည်၊"
ဘုရားသခင်သည် နောဧကို
မိန့်တော်မူခဲ့၏။
"သင့်မိသားစု တစ်စုသာလျှင်
ကယ်တင်ခံရလိမ့်မည်။"

ဘုရားသ္ခင်သည် နောအေအား မဟာရေလွှမ်းမိုးခြင်း
ဖြစ်ပြီး  မြေကမ္ဘာပေါတွင် ရေလွှမ်းမည့်အ
ကြောင်းကို သတိပေးခဲ့သည်။



“သင့်မိသားစုနှင့် တိရစ္ဆာန်များစွာဆန့်မည့်
လှေသင်္ဘောကြီးကို ဆောက် လုပ်ပါ၊“ ဟု နောဧကို
အမိန့်တော်ပေးခဲ့သည်။ ဘုရားသခင်သည် နောဧကို
တိကျသော လမ်းညွှန်မှုကိုပြု တော်မူခဲ့သည်။
နောဧ အလုပ်တွေများခဲ့၏။




လူတို့သည် နောကေ
အဘယ့်ကြောင့်ထိုသို့
သင်္ဘောကြီးဆောက်နေကြောင်း
ရှင်းပြမှုအပေါ် လှောင်ပြောင်မှု
ပြုခဲ့ကြဖွယ်ရှိ၏။ နောသည်
တည်ဆောက်မှုကို ထိန်းသိမ်းခဲ့၏။


သူသည် ဘုရားသ္ခင်
အကြောင်းကို လူတို့အား
ပြောပြခဲ့၏။
မည်သူကမျှ
နားမထောင်ခဲ့ကြပေ။



နော၌ ကြီးမြတ်သော
ယုံကြည်ခြင်းရှိ၏။ မိုးက
ထိုကဲ့သို့ မရွာတတ်သော်လည်း
ဘုရားသ္ခင်ကို
သူကယုံကြည်ခဲ့၏။



မကြာခင်တွင်
သင်္ဘောကြီးသည်
တင်ဆောင်မည့်အရာများ
ဖြည့်သွင်းရန် အသင့်
ဖြစ်ခဲ့ပြီ။

ယခု တိရစ္ဆာန်များလာကြပြီ။ ဘုရားသခင်သည် တချို့မျိုးစိပ်တွေကို ခုနစ်မျိုး၊ တချို့ကို နှစ်မျိုး ဆောင်ယူခဲ့၏။



ငှက်များ အကြီး အသေး၊ သားရဲများ အကြီး အသေးတို့သည်
သင်္ဘောပေါ်သို့ တက် ရောက်လာခဲ့ကြသည်။



နောဧ ထိုသို့ သင်္ဘောပေါ်သို့ တိရစ္ဆာန်များကို
တင်နေသည်ကို လူများက အော်ဟစ်၍
ကဲ့ရဲ့မှု များ ပြုခဲ့ကြပေလိမ့်မည်။



ထိုလူတို့သည် ဘုရားမကြိုက်သည့်
အပြစ်ပြုခြင်းကို ရပ်တန့်မှုမရှိခဲ့ကြ။
သူ တို့သည် ထိုသင်္ဘောကြီးထဲသို့
ဝင်ရောက်ရန်လည်း
မတောင်းဆိုခဲ့ကြ။





နောက်ဆုံးတွင် တိရစ္ဆာန်များနှင့်
ငှက်များသည် သင်္ဘောထဲသို့
ရောက်ရှိခဲ့ကြပြီ။



“သင်နှင့် သင့်မိ
သားစုများသင်္ဘောထဲသို့ဝင်ကြ။”

ဘုရားသခင်သည်
နောကို
ဖိတ်ခေါ်ခဲ့၏။
နောဧ၊ သူ့ဇနီး၊ သူ့သားသုံး
ဦးနှင့် ဇနီးများတို့သည်
သင်္ဘောထဲသို့ ဝင်ရောက်ခဲ့ကြ၏။
ထိုနောက် ဘုရားသခင်သည်
တံခါးကို ပိတ် တော်မူခဲ့၏။



ထိုနောက် မိုးစတင်
ရွာခဲ့သည်။ ကမ္ဘာမြေပေါ်သို့
ထိုမဟာမိုးရွာခြင်းသည် နေ့နှင့်ည
ရက် ၄၀ တိုင်အောင် ရွှဲရွှဲစိုစေခဲ့၏။



လွှမ်းမိုးသောရေသည်
မြို့ရွာများကို
လွှမ်းမိုးသွားခဲ့သည်။



မိုးတိတ်သွားခဲ့သောအခါ
တောင်များ ပင်လျှင်
ရေအောက်သို့ရောက်ကုန်သည်။
ရှူရှိုက်ရသောလေတိုင်းတွင်
အသေကောင်အနံ့များရနေ၏။



ရေက တက်သလောက်
သင်္ဘောကြီးကအပေါ်တွင်ရှိနေခဲ့ပါသည်။
သင်္ဘောအထဲတွင် မှောင်
ကောင်းမှောင်နေနိုင်ပါသည်၊
ဆောင့်မိနိုင်ပါသည်၊ ကြောက်လန့်စရာလဲ
ဖြစ်နိုင်သည်။ သို့သော်လည်း
သင်္ဘောသည် နောဧတို့အား
ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ရန်
ခိုလှုံရာဖြစ်ခဲ့သည်။


ရေလွှမ်းမိုးပြီး ငါးလအကြာတွင်
ဘုရားသခင်သည် ခြောက်သွေ့သောလေကို
လွှတ်တော်မူ၏။ သင်္ဘောကြီးသည် ဖြေးညှင်းစွာ
အာရာရတ်တောင်ပေါ်တွင်
တင်နေလေ၏။



နောဧသည် ရေကျသွား သည့်
နောက်ထပ်ရက်ပေါင်း လေးဆယ်တိုင်
သင်္ဘော်အတွင်း၌ နေလေ၏။

နောသည် ကျီးနှင့် ချိုးငှက်တို့ကို သင်္ဘော၏ပြူတင်းပေါက်မှ လွှတ်လိုက်၏။ ခြောက်သွေ့သန့် ရှင်းသော ခိုနားရာကို ရှာမတွေ့၍ ချိုးသည် နောထံသို့ ပြန်လာလေ၏။

တစ်ပတ်ကြာသော် နောသည် ထပ်ကြိုးစား၏။



ချိုးငှက်သည် သံလွင်ရွက်သစ်ကို နှုတ်သီးနှင့် ကိုက်ချီကာပြန်လာ၏။ နောက်ထပ် တစ်ပတ်တွင် ချိုးငှက်သည် ပြန်မလာတော့၍ ကုန်းမြေက ခြောက် သွေ့နေပြီဖြစ်ကြောင်း နောဧ သိလေ၏။

ဘုရားသခင်က သင်္ဘောကိုစွန့်ခွါရန်အချိန်ကျပြီဟု
မိန့်တော်မူ၏။ နောနှင့် မိသားစုတို့သည် အတူ တကွ
တိရစ္ဆာန်များကို ဆင်းစေကြ၏။



နောဧသည် မည်မျှကျေးဇူးတင်သည့်
ခံစားချက်ဖြစ်ခဲ့သနည်း! သူသည် သူနှင့်
သူ့မိသားစုကို ကြောက်မက်ဖွယ်
ရေလွှမ်းမိုးခြင်းမှ ကယ်ခဲ့သည့်
ဘုရားသခင်အတွက်
ယဇ်ပလ္လင်တစ်ခုကိုတည်၍
ဝတ်ပြုခဲ့သည်။




ဘုရားသ္ခင်သည်
နောအား
အံ့ဖွယ်ကတိတော်ကို
ပေးတော်မူခဲ့၏။
လူသားတို့၏အပြစ်အတွက်
ဘုရားသ္ခင်သည်
ရေလွှမ်းမိုးခြင်းကို
နောက်တစ်ကြိမ်
မစေလွှတ်တော့ပေ။


ဘုရားသခင်သည်
ထိုကတိ
တော်အတွက်
သတိပြုစရာကိစ္စကြီးတစ်ခုကို
ပေးခဲ့၏။
သက်တန့်သည်
ဘုရားသခင်၏
ကတိတော်အ
မှတ်ပင်ဖြစ်၏။

နောဧနှင့် သူ့
မိသားစုတို့သည် ရေဘေးကြီးပြီးနောက်
အသစ်တဖန် ပြန်စတင်ခဲ့ကြရ၏။ ထိုအချိန်
မှစ၍ သူ၏မျိုးဆက်တို့မှ လူတို့သည်
ကမ္ဘာတစ်ဝှမ်းသို့ ပြန့်ပွားခဲ့ကြ၏။



ကမ္ဘာပေါ် ရှိတိုင်းနိုင်ငံတိုင်း
သည် နောနှင့် သားသမီးများမှ
ဆင်းသက်လာခဲ့ကြ၏။



နောနှင့် မဟာရေလွှမ်းမိုးခြင်း

ဘုရားသခင်၏ နှုတ်ကပတ်တော်ဝတ္ထု၊ သမ္မာကျမ်း

ကို တွင်တွေ့ခဲ့

ကမ္ဘာဦး ၆-၁၀

“ကိုယ်တော်၏ နှုတ်ကပတ်တော်မှန်ဝသည် အလင်းကိုပေး၏။.”
ဆာလံ ၁၁၉း၁၃၀

ပြီးဓါ

ဤသမ္မာကျမ်းဝတ္ထုသည် ကျွန်ုပ်တို့အား အံ့ဖွယ်ကောင်းလှသော ဘုရားသခင်အကြောင်းကို
ပြောပြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖန်ဆင်းခဲ့ကာ သင်တို့သည် ကိုယ်တော့် ကိုသိရှိရန် လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့က မကောင်းမှုပြုခဲ့သည့်အကြောင်းကို သိတော်မူပြီး၊ ယင်းကို
ကိုယ်တော်ကအပြစ်ဟုခေါ်သည်။ အပြစ်ဒဏ်မှာ သေခြင်းပင်ဖြစ်၏၊ သို့သော် ဘုရားသခင်သည်
သင့်ကိုအလွန်ချစ်၍ကိုယ်တော်၏ တစ်ပါးတည်းသောသားတော်ကို သင်တို့၏အပြစ်များအ
တွက်လက်ဝါးကပ်တိုင်၌ အပြစ်ပေး၊ အသေခံစေခဲ့ပါသည်။ ထိုနောက် ယေရှုသည် အသက်
တော်ပြန်ရှင်ကာ ကောင်းကင်စံအိမ်တော်သို့ ပြန်တက်တော်မူခဲ့သည်။ သင်သည်ယေရှုကိုယုံ ကြည်၍
ကိုယ်တော့်ထံတော်တွင် အပြစ်လွှတ်ရန် တောင်းပန်ခဲ့လျှင် ကိုယ်တော်သည် အပြစ်
လွှတ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် ကြွတော်မူလာကာ သင့်အတွင်း၌ ယခုအသက်ရှင်
တော်မူလိမ့်မည်၊ ၎င်းနောက် သင်သည် ကိုယ်တော်နှင့် ထာဝရနေထိုင်ရပေမည်။

ဤအရာသည်အမှန်တရားဖြစ်၍ သင်ယုံကြည်မည်ဆိုလျှင် ဘုရားသခင်ကို ဤသို့ဆိုလိုက်ပါ။
ချစ်စွာသောယေရှု၊ ကိုယ်တော်သည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏၊ လူ
သားအဖြစ်ကြွရောက်လာကာ ကျွန်ုပ်၏အပြစ်အတွက် အသေခံတော်မူခဲ့ကာ တဖန် ပြန်ရှင်
တော်မူခဲ့ပါ၏။ ကျေးဇူးပြု၍ ကျွန်ုပ်၏ဘဝထဲ ဝင်ရောက်ကာ အပြစ်များကိုလွှတ်တော်မူပါ။ ကိုယ်တော့်ကြောင့်
ကျွန်ုပ်သည် ယခုဘဝသစ်ကို ရနိုင်ပါပြီ၊ တစ်နေ့တွင်ကိုယ်တော်နှင့် ကျွန်ုပ် သည် ထာဝရအတူရှိပါမည်။
ကိုယ်တော့်ကို နာခံတတ်ရန်၊ ကိုယ်တော့်ကလေးကဲ့သို့ အသက်ရှင် တတ်ရန် မစတော်မူပါ။ အာမင်။

သမ္မာကျမ်းစာကိုဖတ်ကာ ဘုရားသခင်နှင့် နေ့စဉ်စကားပြောပါ။ ယောဟ ၃း၁၆